

mgyoe.com

# မောင်ချောနွယ်အတု

မောင်ချောနွယ်

တတိယအကြိမ်

mgyoe.com

mgyoe.com

ဘာတစ်ခုမှ အဆင်မပြေတာကိုရော၊
ကံဆိုးမှုအကြိမ်ကြိမ် ကျရောက်ရတာကိုရော၊
ရောဂါပိုးမွှားတွေ ထူထပ်သိပ်သည်းနေခဲ့တာကိုရော၊
တစိမ့်စိမ့် တမြေ့မြေ့ နာကျင်ပြီး
ဆာလောင်နေရတာကိုရော၊
ကိုယ်ကချစ်လိုက်ပြီး ပြန်အချစ်ခံခွင့်ရတာကိုရော၊
အမုန်းခံလိုက်ရတာကိုရော၊
အစစစုပေါင်းဖြစ်တည် ပျက်ယွင်းနေတဲ့
ဒီ ဘဝတိုတိုဆိုတာလေးကို
အထူးလှိုက်လှဲစွာ ကျေနပ်လှပါတယ်။

မောင်ချောနွယ်အတု

မောင်ချောနွယ်

MCN0003

1,500.00 KS

mgyoe.com

mgyoe.com

မောင်ချောနွယ်အတု

မောင်ချောနွယ်

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၂၀ ၀၃၀ ၀၄၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၂၀ ၀၃၂ ၀၅၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးနှင့်အတွင်းပုံ | - | ငှအိမ်ထက်မြက် |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | သစ္စာ |

၈၀၈

ချောနွယ်၊ မောင်
မောင်ချောနွယ်အတု /
မောင်ချောနွယ် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ တတိယအကြိမ်၊ ၂၀၁၂။
စာမျက်နှာ ၇၉ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) မောင်ချောနွယ်အတု

၂၀၁၂၊ ဩဂုတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပြည် | ၁ |
| ၂။ | ကဗျာဆရာနှင့် ပင်လယ်ဓားပြ | ၂ |
| ၃။ | ကိုယ်လက်သန့်စင်ထားတဲ့နေ့ | ၆ |
| ၄။ | ဖြစ်ခဲ့တယ် | ၈ |
| ၅။ | ဟိုတယ် | ၁၂ |
| ၆။ | လက်တစ်ဖက်တည်းပညာရှိနေတဲ့ ညနေခင်း | ၁၃ |
| ၇။ | ဝတ်မှုန်ကူးကြ | ၁၄ |
| ၈။ | မြို့တစ်မြို့၏ ဝှက်ထားတဲ့ဖဲချပ်များ | ၁၇ |
| ၉။ | ဆေးစစ်ခံတဲ့ ည | ၁၉ |
| ၁၀။ | အတွင်းသံ | ၂၂ |
| ၁၁။ | အချစ်ကြောင်းပြောတဲ့ ည | ၂၅ |
| ၁၂။ | ငါ့လျှာပေါ်က ဆာတေးရီးယန်းမြက်ခင်း | ၃၀ |
| ၁၃။ | မျှော်လင့်ခြင်း ထမင်းသိုးများ | ၃၄ |
| ၁၄။ | မစဉ်းစားခြင်း သေတ္တာ | ၄၂ |
| ၁၅။ | ပင်မှည့်တေး | ၄၅ |
| ၁၆။ | မစ္စတာဒဗလျူကလက်ရဲ့ မှတ်တမ်းအရ | ၄၇ |
| ၁၇။ | လေးသည်တော်ဝီလျှံတဲ(လ်)၏ မြားချက်များ | ၅၀ |
| ၁၈။ | မောင်ချောနွယ် အတု | ၅၃ |
| ၁၉။ | ကြယ်ပြာလေးနဲ့ ထမင်းစားပြီးတဲ့နောက် | ၅၆ |
| ၂၀။ | နှလုံးသားထဲကို ရေမသွန်ပါနဲ့ | ၆၃ |
| ၂၁။ | အိမ်ငေးသူ | ၆၅ |
| ၂၂။ | နတ်တို့ခိုးဝှက်ခြင်းခံရတဲ့ ကဗျာ | ၇၁ |


mgyoe.com

mgyoe.com
mgyoe.com


mgyoe.com

# ပြည်

လဝန်းထဲ
ပွဲကြည့်လှေကလေး လှော်ခတ်ဝင်သွား
လမ်းရှေးမှားသူ မြစ်၊
နှစ်ထပ်သဘော်ာမြို့ကလေးပေါ် နားခဲ့ပေါ့။ ။

mgyoe.com

mgyoe.com



mgyoe.com

## မောင်ချောနွယ်

ကဗျာဆရာ နဲ့ ပင်လယ်တာပြ

ကမ္ဘာမြေပေါ်က တစ်နေရာရာမှာ တစ်စုံတစ်ခုဟာ အမြဲမှားယွင်းနေခဲ့ပါလိမ့်မယ်။ သင်္ဘောပျက်တစ်စင်းပေါ်က အိပ်မက်တွေကို ကျွန်တော်က စာနာဖို့သိခဲ့တယ်။ အဲဒီအတွက်တာ ကျွန်တော့်ရဲ့ ပျော်ရွှင်ခြင်းတွေဟာ သောင်တင်သင်္ဘော တစ်စင်း ဖြစ်ခဲ့ရတယ်။ မြောက်မြားလှစွာသော မှားယွင်းခွင့်များ ရှိခဲ့တဲ့အတွက်၊ ကျွန်တော်က၊ မောင်ချောနွယ်က၊ အသက်ရှင်ခြင်းတရားကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုက်ပါရစေ။

ဘာတစ်ခုမှ အဆင်မပြေတာကိုရော၊ ကံဆိုးမှု အကြိမ်ကြိမ် ကျရောက်ရတာကိုရော၊ ရောဂါပိုးမွှားတွေ ထူထပ်သိပ်သည်းနေခဲ့တာကိုရော၊ တစိမ့်စိမ့် တစ်မြေ့မြေ့ နာကျင်ပြီး ဆာလောင်နေရတာကိုရော၊ ကိုယ်ကချစ်လိုက်ပြီး ပြန်အချစ်ခံခွင့် ရတာကိုရော၊ အမုန်းခံလိုက်ရတာကိုရော၊ အစစစုပေါင်း ဖြစ်တည် ပျက်ယွင်းနေတဲ့ ဒီဘဝတိုတိုဆိုတာလေးကို အထူး လှိုက်လှဲစွာ ကျေနပ်လှပါတယ်။ (လူသားတစ်ယောက်နဲ့ တစ်ယောက် နူးညံ့ခြင်းပြိုင်ပွဲ မရှိခဲ့တာကိုတော့ ကျွန်တော်က ရယ်သွမ်းသွေးလိုပါတယ်။) ပျော်ချင်တဲ့အချိန်မှာ လူ

mgyoe.com

mgyoe.com

တစ်ယောက် ရသင့်တဲ့ ကိုယ်တာလောက်ပဲ အခွင့်ရလိုလှပါတယ်။ အဲဒီလိုဆိုဖြင့် ခုလက်ရှိ ခန္ဓာကိုယ်နဲ့ ဘဝကိုရော၊ အသက်ရှင်ခြင်းတရားကိုရော၊ လူတွေရဲ့ ကပ်ပါးပိုးဆိုတာကိုရော၊ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ပါကြောင်း။

အရက်၊ တရားဓမ္မ၊ အမှားအယွင်း၊ ကာမဂုဏ်၊ ရန်သူ၊ မိတ်ဆွေ၊ အမှန်တရား၊ ရိုးသားမှု၊ ချစ်ခြင်းမေတ္တာ၊ ကျွန်းသစ်၊ မြို့ရွာ၊ နိုင်ငံ၊ နေမင်းကြီး၊ လမင်းဖြူဖြူ၊ ခိုပြာရောင် ကြယ်ကလေးများနဲ့၊ ငွေစံပါယ်ဆေးပေါ့လိပ်ကလေးများကိုလည်း အထူးပဲ ကျေးဇူးတင်ရှိလှပါတယ်။

ဆယ့်ခြောက်(၁၆)အောင်စ အလေးချိန်ရှိတဲ့ လူသားရဲ့ အသည်းနှလုံးဟာ တစ်နေ့ကို အကြိမ်ပေါင်း တစ်သိန်းတိတိ ခုန်ချက်ရှိတယ်လို့ ဆေးဘက်ဆိုင်ရာကျမ်းတွေက ဆိုတယ်။ လူတစ်ယောက်ရဲ့ တစ်နေ့တာ နှလုံးခုန်ချက်ဟာ အကြိမ် တစ်သိန်း ခုန်ချက်ရှိတယ်ဆိုတဲ့ အထက်ပါ ဆိုလိုချက်ကို ကျွန်တော် လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော့်အလိုအရတော့ အကြိမ်တစ်သိန်းတိတိ ခုန်ချက်ဟာ ထိချက်တစ်ချက် မဖြစ်နိုင်ဘူး။ အခိုက်ဓာတ်တစ်ခု မဖြစ်နိုင်ဘူး။ ခိုက်ထိချက် တစ်ချက် မရနိုင်ဘူး။ ပြီးတော့ ထိချက်တစ်ချက်ဟာလည်း မှော်သားဓာတ် မစေးကပ်နိုင်၊ မပါဝင်နိုင်ပြန်ဘူး။ အဖိတ်အစင်ရှိသလို မှော်သားအထူအပါးလည်း ကွဲသွားနိုင်ပါသေးတယ်။ ထားပါတော့၊ ထိချက်တစ်ချက်လည်း ဖြစ်ခဲ့ပြီ။ အခိုက်ဓာတ်လည်း ဖြစ်ခဲ့ပြီ၊ မှော်သားလည်း ပါဝင်ခဲ့ပြီဆိုရင်တော့ အဲဒါဟာ အနုပညာပဲ၊ ကဗျာပဲ၊ အစစ်ရတနာပဲပေါ့။ နီဝါပြာစိမ်းတွေ ကွဲနိုင်ပါရဲ့၊ အရောင်ကွဲပြားမှုကတော့ သူ့တန်ဖိုး အမျိုးအစားလိုက်ပေါ့။ ရှိပါစေ။ လူဆိုတာ ဘုရားသခင်က ကိုယ့်ကို ဘာပေးလိုက်တယ်ဆိုတာ သိဖို့လိုတယ်လို့ ကျွန်တော်ခံယူထားတယ်။ ဘုရားသခင်က ကျွန်တော့်ကို အဲဒါပေးခဲ့တယ်။ ကဗျာ။

ကျွန်တော်က သေးသေးမွှားမွှား ဘဝတိုတိုလေးမှာပင် ကိုလံဘတ်စ် ဖြစ်ချင်တယ်။ နယ်သစ်ပယ်သစ်တွေ ရှာဖွေချင်တယ်။ ကျွန်းသစ်မြေသစ်တွေကို စိတ်ဝင်စားတယ်။ လူသားတစ်ယောက်ဟာ ဘယ်လောက်ဝပ်အား ပျော်ရွှင်လင်းထိန်နိုင်

mgyoe.com

mgyoe.com

သလဲ။ ကျွန်တော်က မဒမ်ကျူရီလည်း ဖြစ်လိုက်ချင်သေးတယ်။ ပြီးတော့ အက်ဒီဆင်၊ ပြီးတော့ မိုက်ကယ်အင်ဂျလိုဖြူရိုနာတီ၊ ပြီးတော့ ကဗျာဆရာ အိုမာခရမ်လည်း ပါတယ်ပေါ့။ သူတို့လိုပဲ ဝိုင်မူးမူး၊ နက္ခတ်ဗေဒင်မှာ ကျွမ်းကျင်သူ၊ ပြီးတော့ ပြက္ခဒိန်သစ်တွေ ဘာတွေ တီထွင်ချင်တယ်။

ကမ္ဘာကျော်အဆိုတော်တစ်ယောက်က သူ့သီချင်း အယ်လ်ဘမ်ကို ဟောဒီလိုနာမည်ပေးခဲ့တယ်။ 'ပင်လယ်ဓားပြနဲ့ ကဗျာဆရာ'တဲ့… တဲ့။ ညီမျှခြင်းတစ်ခုကို သူ့ရဲ့ရှုထောင့်ကနေ ဆွဲပြထားတဲ့ ဒီသီချင်းမှာ သူ့ဆိုလိုချက်က ပင်လယ်ဓားပြတွေကလည်း ရတနာကျွန်းကို ရှာဖွေခဲ့ကြတယ်။ကဗျာဆရာတွေကလည်း ရတနာကျွန်းကို ရှာဖွေခဲ့ကြတဲ့သူတွေဖြစ်ပါတယ်… တဲ့

ကမ္ဘာမြေကြီးရဲ့ ရင်ခေါင်းထဲကို အနက်ရှိုင်းဆုံးတူးဆွလာတဲ့ မြေတူးသမားဟာ သူ့လက်ထဲက သံတူရွင်းတစ်ချက် အတူးမှားရင်၊ တွေ့ထားတဲ့ ကျောက်မျက်ရတနာ ပဲ့ရွဲ့ပြီး တန်ဖိုးဆုံးရှုံးနိုင်သလို၊ တစ်ချက်မှားယွင်းပြန်ရင်လည်း မြေကြီးတွေ ကိုယ်ပေါ်ပြိုကျပြီး အသက်ဆုံးရှုံးနိုင်ပါတယ်။

တကယ်တော့ ကဗျာဆရာဆိုတာ ကိုလံဘတ်စ်လည်း ဖြစ်၊ မဒမ်ကျူလည်း ဖြစ်၊ မာကိုနီလိုလည်း ဆောင်းတွင်း အိပ်မက်တွေနဲ့ ကမ္ဘာကို ဆက်သွယ်နိုင်သူ၊ မဒမ်ကျူရီလိုမြေကို လင်းထိန်စေသူနဲ့ အိုမာခရမ်လို ဝိုင်မူးမူးနဲ့ နှလုံးခုန်ချက် တစ်သိန်းထဲက ထွက်လာတဲ့ ခိုက်ထိချက်တစ်ချက်ကို မှော်သက်သွင်းပြီး ထိခိုက်ချက်နဲ့ ကမ္ဘာနဲ့ လူသားဆီကို ပေးပို့လိုက်တာက ခု… သင့်လက်သူကြွယ်မှာ ဝတ်ဆင်ထားတဲ့ မြလက်စွပ်ကလေးပါပဲ။ ။

မောင်ချောနွယ်

၁၉၈၅

mgyoe.com

mgyoe.com



mgyoe.com

# ကိုယ်လက်သန့်စင်ထားတဲ့နေ့

ဒီမှာ
စာမဟုတ်တဲ့ စာတစ်စောင်
အော်သံတစ်ခု
ပင်လယ်နက်နက်ထဲက
လူတွေမမြင်သာတဲ့ ပင်လယ်နက်နက်ထဲကလာတာ
ဒါဟာ
သတင်းပို့ချက်တစ်ခု
သို့မဟုတ်
ရတနာကျွန်းရှိရာ ပြည့်နှန်မြေပုံတစ်ခု
အိပ်မက်တစ်ထောင်ညတွေ ပါတယ်
အမြစ်စိမ်းသစ်တောတစ်ခု ပါတယ်
ဆယ်ဘဝစာ အမောမီးခိုး ပါတယ်
ရွှေသားမီးလျှံတစ်ခုလည်း ပါတယ်
ရေကန်လေးတစ်ကန်သာ တောင့်တတဲ့
ငန်းဖြူတစ်ကောင်ရဲ့
ဆန္ဒအပူတွေ ပါတယ်
တစ်ဝက်မှိုတက်ခံရတဲ့
နှပျိုမှုတွေပါတယ်
လက်ခံပါ
ဘာတစ်ခုမှ မပြန်ကြားရင်နေပါ
ဘာတစ်ခုမှ ဆောင်ကျဉ်းမပေးရင်နေပါ

ခေတ္တလောက်တော့
နားဆင်ကြည့်လိုက်စမ်းပါ
သင့်ရဲ့ လူ့အဖြစ်ကို
အံ့ဩထိတ်လန့်ဖွယ်ရာ
သင်... တွေ့ရှိရမှာဖြစ်ပါတယ်။ ။

mgyoe.com

mgyoe.com

# ဖြစ်ခဲ့တယ်

အဲဒါဟာ
မိခင်မြတ်ရဲ့ သားအိမ်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
နာမ်အလုပ်ကိုလုပ်တဲ့ ပြည်မြို့ကလေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ကြိယာ အလုပ်ကိုလုပ်တဲ့ ဖြူးမြို့ကလေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ညစာပျောက် ညတစ်ညရဲ့ ဆာလောင်မှုမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
အိမ်ပြေးတစ်ယောက်ရဲ့ ကြေကွဲရခြင်းထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
သင်္ချိုင်းရတရားရဲ့ လေညှင်းခံမှုထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
မာကိုနီရဲ့ ဆောင်းတွင်းအိပ်မက်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ဖိရှန်နွားတစ်ကောင်ရဲ့ ဗိုးအိမ်ထဲမှာ ဖြစ်ခဲ့တယ်။

mgyoe.com

mgyoe.com

အဲဒါဟာ
ပင်စင်စား အရာရှိတစ်ဦးရဲ့
ချယ်ရီသား တုတ်ကောက်ထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
မြင်းမွေးညှပ်သမားရဲ့ ကတ်ကျေးထဲမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
သွားတွေတစ်ချောင်းမှ မရှိတော့တဲ့
သွားဆရာဝန်မှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
ရေဦးရေဖျား မြို့ကလေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
ငရုံ့ခေါင်းတိုလို ခေါင်းရှိပြီး
ပုကွကွကောင်တစ်ကောင်ရဲ့ ခပ်ထိပ်ပေါ်မှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
နှစ်ထပ်သင်္ဘောနဲ့တူတဲ့ မြို့လေးမှာ
ဖြစ်ခဲ့တယ်။
အဲဒါဟာ
တစ်တောလုံး တစ်တောင်လုံး ချက်ကြွေးတဲ့
သဒ္ဒါတရားထဲမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
လဲမို့တွေအန်ထွက်နေတဲ့
ခေါင်းအုံးပေါက်တစ်လုံးမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
နိုင်ငံရေးမရှိတဲ့ မွေးမြူရေးငါးတွေမှာ
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်

mgyoe.com

mgyoe.com

စကြဝဠာကိုမွှားတဲ့ ပါးစပ်ကြီးမှာ
ဖြစ်ခဲ့တယ်
အဲဒါဟာ
ချစ်ခြင်းမေတ္တာရဲ့ ချောင်းနားကမ်းစပ်မှာ
ဖြစ်ခဲ့တယ်
အဲဒါဟာ
ယန္တရားလို့ခေါ်တဲ့ တိုက်ကြက်ဖရဲ့ စလုတ်ကြီးထဲမှာ
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
အဲဒါဟာ
ဘိန်းစားတစ်ဦးရဲ့ ဖြောင့်ချက်ထဲမှာ
ဖြစ်ခဲ့တယ်
အဲဒါဟာ
ဖြစ်ခဲ့တယ်
ဟုတ်တယ်
ဖြစ်ခဲ့တယ်
အော်ဒက်ဆာမှာ ဖြစ်ခဲ့တယ်။
အဲဒါဟာ
ဖြစ်ခဲ့တယ်
လူဖြစ်ပြီး တိုက်ကပ်ပန်းပင် တစ်ပင်လိုလို
ပြီးတော့
ပန်းလဲမပွင့်တဲ့ ကောင်တစ်ကောင်မှာ ဖြစ်ခဲ့တယ်။

mgyoe.com

mgyoe.com


လောကကြီးမှာ
ငွေမရှိတာလောက် အောက်တန်းကျတာမရှိဘူး
အဲဒါဟာ ဖြစ်ခဲ့တယ်
ဗန်ဂိုးနဲ့ လော်ရကာတို့ရဲ့ အိပ်မက်ဟာ
ဖြစ်ခဲ့တယ်
စဉ်းတီတုံးပေါ်က နန့်ကျောဆွဲတဲ့ငါး
အသက်လက်လွှတ်လိုက်ရခြင်းမှာ ဖြစ်ခဲ့တယ်။
ရေတာရှည်ခြင်း မြို့ကလေးက
တောပြဇာတ်ကလေးမှာ ဖြစ်ခဲ့တယ်။
ရွှေလိမ္မော်သီး ဖိနပ်ကလေးတစ်ရုံရဲ့
ရယ်မောသံမှာ ဖြစ်ခဲ့တယ်။
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တာတွေဟာ ပျက်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ဖြစ်ခဲ့တယ်
ပျက်ခဲ့တာတွေဟာ ဖြစ်ခဲ့တယ်။ ။

mgyoe.com

mgyoe.com

# ဟိုတယ်

လတ်လတ်ဆတ်ဆတ်ကိုက်ဖဲ့ပြီးစ
ဖရဲသီးအဝါလို
'လ'နွယ်
အချိုရည်တွေ တစက်စက်ရွဲကျ
အစေ့တွေကတော့ အဖြူစကြယ်တွေ
ဗရပွာကြ
ပိုးသားအိအိ တိမ်တိုက်တွေ စိတ်လေလွင့်ကြ
ဆင်ခြင်တုံငှက်တွေ ငါ့ခန္ဓာကိုယ်ထဲက
သန်းပေါင်းများစွာ
ငါ့ခန္ဓာကိုယ်ထဲက ပျံထွက်ကုန်ကြ
သူတို့ တောင်ပံရိုက်ခတ်သံဟာ...
မြေတွန်သံတွေဖြစ်သွားကြပြီး
နိုက်ကလပ်တစ်ခုမှာ
ခြေလွတ် လက်လွတ် မူးယစ်ကခုန်သူတွေလို
ကခုန်နေကြ
ဘဝကို
အင်္ကျီချွတ်သလို ချွတ်ချလို့မရတဲ့ ည
ဘဝကို ခြေအိတ်စွပ်သလို စွပ်ချလို့မရတဲ့ ည
ညက ညကို ပြန်မျိုလို့မရတဲ့ ည
ဘယ်လိုမှ ရေရောသောက်လို့မရတဲ့ ည
အဲဒီညတွေဟာ
ဟိုတယ်ထဲ ခုန်ပေါက်ဝင်သွားတဲ့အခါ
ဟိုတယ်တွေက လက်လွတ်ထွက်ပြေးလာ
ညတွေဟာ
ဟိုတယ်ဖြစ်ခဲ့တယ်။ ။

mgyoe.com

# လက်တစ်ဖက်တည်း ပညာရှိနေတဲ့ ညနေခင်း

အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို ဟမ်ဘာဂါမုန့်လို
တဝတပြ မှာစား
အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို မိနီမားကက်တွေမှာ
စိတ်တိုင်းကျ ဝယ်ခြမ်း
အဲသလိုနဲ့ ညနေခင်းဟာ
မြို့ကြီးကို ဟိုတယ်ခေါ်သွား
ပြီးတော့
မြို့ကြီးကို ဝိုင်တွေဘာတွေတိုက်
ပြီးတော့
မြို့ကြီးကို ဘဲကင်တစ်ခြမ်းအဖြစ်မှာစား
ပြီးတော့
မြို့ကြီးကို မာဘိုရိုစီးကရက်လို
မာန်ပါပါ ခဲ။
အဲသလိုနဲ့ ညနေခင်းဟာ
နောက်ဖေးလမ်းကြားနဲ့တူတဲ့
သူ့အိမ်ရာဆီပြန်ဖို့
သူ့အန်ဖတ်ပုံကြီးကို
ကျွတ်ကျွတ်အိတ်ထဲထည့်ပြီး
မြို့ကြီးကို အငှားကားလို ငှားစီးသွားပြီပေါ့။ ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဝတ်မှုန်ကူးကြ

ဝမ်းနည်းမှုနဲ့သာ
ကျန်းမာခဲ့ရ
ဆင်ခြင်တုံမှု မိုက်ခရိုစကုပ်ထဲ
ဘဝဟာ စားသုံးပင်တစ်ပင်တဲ့
လောက်တဖွားဖွားနဲ့လေ။
ဘယ်မှာလဲ
ရွှေအသက်ရှူသံတွေ
တုံးလုံးပက်ခေါက်လဲကျ
စကြဝဠာ လေးလံပိကျလာ
'အက်စကေလေတာ'တွေမှာ
အစာအိမ်မရှိ
ငါတို့တွေမှာ ရှိခဲ့တယ်။
ကမ္ဘာမြေ ဟက်တက်ပွင့်
ကပ်သုံးပါး စတိုင်ပင်ရခဲ့
အသားတွေ
အဖတ်လိုက် အဖတ်လိုက်ကွာကျ
ငါးသည်မဗန်းထဲက ငါးပြေမတွေလို
ကြယ်တံခွန်တွေ
တဖျတ်ဖျတ် ထခုန်
နပ်ကြောနဲ့ သွေးသားတွေ
ဘယ်ကွန်ပျူတာမှာ ရှိခဲ့သလဲ
ငါတို့တွေမှာ ရှိခဲ့တယ်။

mgyoe.com

mgyoe.com

ဝတ်မှုန်ကူးကြ
အထူးဝတ်မှုန်ကူးကြ
အဲဒီ ပျစ်ပျစ်နှစ်နှစ်ညတွေနဲ့။
ဝတ်မှုန်ကူးကြ
အဲဒီဟိုတယ်နဲ့တူတဲ့ အပြုံးခွက်ခွက်ကြီးနဲ့။
ဝတ်မှုန်ကူးကြ
အဲဒီ သွေးလေမြန်ဆန်တဲ့ မြို့ကြီးတွေနဲ့။
ဝတ်မှုန်ကူးကြ
အထူးဝတ်မှုန်ကူးကြ
လာခဲ့ပြီ
ကဖို့
မြို့ရွာတို့ ကဖို့လာခဲ့ကြပြီ။ ။

mgyoe.com

mgyoe.com

# မြို့တစ်မြို့က ဝှက်ထားတဲ့ ဖဲချပ်များ

မြို့ဟာ
ဖုန်ထူခြင်ပေါ လောကခံတရားရယ်
အဲဒီ လောကခံတရားနဲ့ သောက်ဖော်စားဖက်
ရေမိုးရှားပါးခြင်းရယ်
လမ်းဘေးမှာ
ပေါပေါလောလောဝယ်ရတဲ့ ပစ္စည်းလို
ခပ်ညံ့ညံ့ တွေးခေါ်မြော်မြင်မှုတွေရယ်
သူတစ်ပါးရဲ့ လုပ်အားခကို
ဈေးချိုချိုနဲ့ စုတ်ယူရာအောင်မြင်တဲ့
ပုကွကွ စလုတ်ကြီးတစ်လုံးရယ်
မိလ္လာပိုက်ပေါက်သလို ပေါက်ပြဲနေတဲ့
ပါးစပ်တွေရယ်
အဲဒါတွေကိုတော့
လှမယ်ထင်လို့
မြို့ဟာ
သူ့ကိုယ်သူ အစွမ်းကုန်ခြယ်သထားလေရဲ့။
မြို့ဟာ
ဟောဒီဖဲချပ်ကိုတော့ ဝှက်ထားလေရဲ့။
မြို့ဟာ
ဝင်ရိုးစွန်းမှာ
တစ်ကိုယ်တည်း ဟိုတယ်စာ သွားသွားစားတတ်တဲ့
အကြင်နာတရားပုံ သံတုံးတစ်တုံးကို ဝှက်ထားတယ်။

mgyoe.com

mgyoe.com

မြို့ဟာ
လမင်းနဲ့ ညှော်ခံတတ်တဲ့ ရပ်ကွက်တစ်ခုကိုလည်း
ဖွက်ထားတယ်။
မြို့ဟာ
စကားပြောတတ်စ ကြယ်ကလေးတစ်ပွင့်ကိုလည်း
ဖွက်ထားတယ်။
မြို့ဟာ
လူသားစစ်စစ်ဖြစ်ရက်နဲ့
ကုလားအုတ်တစ်ကောင်လို
စုဆောင်းထားတဲ့ ရေတွေလည်းရှိ
သူ့အဖို့ရာ ဘို့တစ်လုံးလည်းပါရှိ
အဝေးမြင် လည်ပင်းရှည်ကြီးလည်းရှိ
ပြီးတော့
ကမ္ဘာကျော် ကျေးစွပ်ပုံပြင်ကိုလည်း ပိုင်ဆိုင်တဲ့
စားပွဲခုံတစ်လုံးကိုလည်း ဖွက်ထားတယ်။
မြို့ဟာ
အဲဒါကြောင့်ပဲ
ကမ္ဘာပုသွားတဲ့ နေ့တစ်နေ့ကို
ကိုယ်ဝန်ဆောင်ထားရပြီဆိုတာ
မသိခဲ့ရှာဘူးပေါ့။ ။

mgyoe.com

# ဆေးစစ်ခံတဲ့ည

ည၊
နောက်ဘဝများစွာမှာ
ညမဖြစ်တော့တာ သေချာကြောင်း
သက်သေပြလိုက်တဲ့ ည
'ဒန်တီ'ရဲ့ မျက်ရည်တွေ
စင်းစင်းသေပေးလိုက်ရတဲ့ ည
ဦးနှောက်တစ်ခြမ်းက
တံခါးဆီပေးလိုက်ရတဲ့ ည
မျက်လုံးတစ်ဖက်က
အာရုံစိုက်မှုကို ရောင်းစားရပြီး
မျက်လုံးတစ်လုံးက
အရှုံးအတွက် ပုံပေးလိုက်ရတဲ့ ညလည်းဖြစ်ရဲ့။

ခန္ဓာကိုယ်တစ်ဝက်က
မြို့ကြီးထဲ ခုန်ပေါက်နေပြီး
တခြား ခန္ဓာကိုယ်တစ်ခုက
သူ့မိန်းမဆီ သွားအိပ်တဲ့ညပေါ့။

mgyoe.com

mgyoe.com

လူတွေ
ဒီလိုပဲ ဖြစ်ပျက်ကြမြဲပါ
တစ်စက္ကန့်
တစ်စက္ကန့်အတွင်းထဲမှာ ရောက်ရှိနေချိန်
တစ်စက္ကန့်က လွဲရင်ပေါ့
ကိုယ်လိုရာရောက်နေတဲ့ စက္ကန့်တွေများလှပေါ့။
စီးကရက်လေး တစ်လိပ်လောက်ကို
တစ်ညလုံး စောင့်စားခဲ့ရပါတယ်။
သံပြိုင်တေးတွေ ရေစီးအားကောင်းတဲ့ ညပေါ့
ဒီညကို ဖြတ်ရတော့
ဘဝဆိုတာ လွမ်းဖို့အားကောင်းခဲ့တာပေါ့။

ကျွန်တော် ယောက်ယက်ခတ်ရ
ကိုယ့်နှလုံးသားကို မီးမြှိက်ခဲ့ပါတယ် အမေ
ဘယ်သူဟာ
ကိုယ့်နှလုံးသားကိုယ် မီးမြှိုက်ခဲ့ပြီး
ဒီမီးကို လှုံရဲခဲ့ပါသလဲ။
ကျွန်တော်ကတော့
ရဲရင့်ပေါ့ပါးစွာပေါ့ အမေ
ဒီညမှာမှ
ကျွန်တော်က ရေဒီယိုသတ္တိတွေကြွတဲ့ည ဖြစ်လို့ပေါ့။

mgyoe.com

mgyoe.com


လည်လှိုးခံရ မြွေတစ်ကောင်လို
နာရီသံချောင်းခေါက်သံတွေ
အစွမ်းကုန် တွန့်လိမ်လို့
မြင်ခဲ့ရဖူးပြီ

သေကောင်ပေါင်းလဲဘဝပါ အမေရယ်
တစ်စက်မှ
အရသာခံရက်စရာ မကောင်းပါဘူး
မစားနာတတ်ရင်လည်း သိကြပါစေ
သိရင်ပဲ
အမေ့သားက ပြီးပါပြီတဲ့။

မိမိကိုယ်မှ နံရိုးများ
တံတားအဖြစ် ခင်းကျင်း
လမ်းဖွဲ့စည်းခဲ့ပါတယ်
ဒီခရီးသာ နှစ်လိုခဲ့
ရလိုသောဘဝများ လမ်းဖယ်ပေးကြပါ။ ။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# အတွင်းသံ

ဟောဒီမှာ
ကြောက်ပါရစေတဲ့
ဘာမှမဖြစ်ရင်လည်း ဘာမှမဖြစ်ပါဘူးတဲ့
ဘဝမှာ
တစ်ခုတော့ ကြောက်ပါရစေတဲ့။
ဟောဒီမှာ
အမျိုးကောင်းသား စီးကရက်တွေ
ဆေးစစ်ဆေးမှန်တွေနဲ့ ဖြစ်မြောက်လာတာ
ရဲရဲရှိုက်ချလိုက်စမ်းပါ။
ဘယ်သူ့အဆုပ်က ကောင်းသတဲ့လဲ။
ဟောဒီမှာ
ရေပက်မဝင်အောင်မှန်တဲ့ သင်္ချိုင်း
ညှင်းသိုးသိုးနေ့ရက်တွေ
အသစ်တည်ဆောက်ပြီးသွားခဲ့ပါပြီတဲ့။
ဟောဒီမှာ
အက်စစ်ပြင်းပြင်းနဲ့
ပက်ချလိုက်စမ်းပါတဲ့
အဲဒီခန္ဓာကိုယ်တွေဟာလေ
ဘယ်လောက်ညွတ်နူးနေသလဲဆိုတော့
ကမ္ဘာမြေတစ်ခုလုံး
နေကြာပန်းခင်း ဖြစ်ပေးလိုက်မယ်တဲ့။

mgyoe.com

mgyoe.com

ဟောဒီမှာ
ရွှေဖြစ်ငွေဖြစ် အနစ်နာခံမှုတွေ
ဟောဒီမှာ
ကန်ထရိုက်တာနဲ့တူတဲ့ စိတ်တွေ
ဟောဒီမှာ
နေ့စဉ် ထမင်း၀၀စားရရေး ကိရိယာတွေ

ဟောဒီမှာ
ကွဲအက်စူးရှစွာ မှတ်တင်လိုက်တဲ့
အသံ
ငွေဟာ သက်ရှိဖြစ်တယ်
လူဟာ သက်မဲ့ဖြစ်တယ်... တဲ့။ ။

mgyoe.com

mgyoe.com

# အချစ်ကြောင်းပြောတဲ့ည

အချစ်ကြောင်းပြောတဲ့ညဟာ
ကောင်းကင်ဟိုတယ်မှာ
အချစ်ကြောင်းပြောတဲ့ ညဟာ
ဆူပါကတ် မော်တော်ဆိုင်ကယ်စီးလာတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
အကြေသားအင်္ကျီဝတ်လာတယ်။
ညဖြစ်လျက်နဲ့
မျက်မှန်နက် တပ်လာတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
နှုတ်ခမ်းနီနီ ဆိုးလာတယ်။
စံပယ်တင်မှဲ့အတုလည်း တပ်လာတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
ကောင်လေးက သက္ကလတ်ဦးထုပ်ဆောင်းပြီး
ကောင်မလေးက
မျက်တောင်ကော့တု တပ်လာတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
မိုးကနေ ဆောင်းဟန်ဆောင်နေတယ်။
အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က ဘီယာမှာသောက်ပြီး
တစ်ယောက်က အချိုရည်စုပ်နေတယ်။

mgyoe.com

mgyoe.com

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က မျက်လုံးလှန်လှန်ကြည့်တဲ့အခါ
တစ်ယောက်က နားရွက်ကို ရွက်ကုန်ဖွင့်တတ်တယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က လမင်းကို မျိုမျိုချပြီး
တစ်ယောက်က အလင်းပူပူကို သောက်သောက်နေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က အရမ်းနှလုံးခုန်ချင်ပြီး
တစ်ယောက်က ခြေဖျားလက်ဖျားတွေ အေးစက်နေတယ်။

လက်တစ်ဖက်ကလည်း
ညာဘက်ရင်အုံကို ဖိဖိနေသေးတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က သူ့ရင်ခုန်သံကို
အထိတ်တလန့်ကြည့်နေပြီး
တစ်ယောက်က
အသက်ရှူမှန်ဖို့ မနည်းကြိုးစားနေရတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
ဗိုက်ဆာနေမှာစိုးလို့တဲ့
ကြက်ဥ၊ ခေါက်ဆွဲကြော် မှာစားတယ်။

တစ်ယောက်က
သူ့ရဲ့ လူကြိုက်များလှတဲ့ တစ်ဝက်အပြုံးကို
ပြုံးပြုံးနေတယ်။

mgyoe.com

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က သက္ကလတ်ဦးထုပ်ကို ဆွဲ,ဆွဲချနေပြီး
ခေါင်းမော့,မော့နေတယ်။
တစ်ယောက်က ပြုတ်နေတဲ့ ရှပ်အင်္ကျီကြယ်သီးကို တပ်နေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
ကောင်လေးက စီးကရက်ကုန်သွားလို့
စိတ်ညစ်နေပြီး
ကောင်မလေးက နှုတ်ခမ်းနီပျက်သွားလို့
စိတ်အိုက်နေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က ကျသင့်ငွေကိုရှင်းပြီး
ကောင်လေးက
ကော်လံပေါ်မှာ မရှိတဲ့ဖုန်ကိုခါနေတယ်။

အချစ်ကြောင်းပြောတဲ့ညဟာ
တစ်ယောက်က မီးရထားနဲ့ပြန်ဖို့ စိတ်ကူးပြီး
တစ်ယောက်က
အဝေးပြေးကားနဲ့ပြန်ဖို့ စီစဉ်တယ်။

mgyoe.com

mgyoe.com

ဒီလိုနဲ့
အချစ်ကြောင်းပြောတဲ့ညဟာ
ထွက်သွားတဲ့ မီးရထားကပြန်ကွေ့လာပြီး
စီးသွားတဲ့ အဝေးပြေးကားမှာ
ပြန်ရောက်လာတယ်။

ဒီလိုနဲ့
အချစ်ကြောင်းပြောတဲ့ညဟာ
ရေခဲမြစ်အကြောင်းကို မေ့
တိမ်ရိပ်ဂွမ်းစိုင်တွေကို မေ့
အတင်းပြောတတ်တဲ့ ကမ္ဘာမြေကြီးကိုမေ့ပစ်ပြီး
အချစ်ကြောင်းပြောတဲ့ ညဟာ
ဟိုတယ်မှာပဲ
ခြေပစ်လက်ပစ် အိပ်ပစ်လိုက်ပါတော့တယ်။ ။

mgyoe.com

mgyoe.com

mgyoe.com